## သမ္မာကျမ်းဆိုင်ရာအတွေးအမြင်

## "ကောင်းမြတ်သောနည်းလမ်း"




"အချင်းလူ၊
ကောင်းသောလမ်းကိုပြတော်မူပြီ။တရားသဖြင့်ပြုခြင်း၊ဂရုဏာကိုနှစ်သက်ခြင်း၊သင်၏ဘုရား
သခင့်ရှေ့တော်၌နှိမ့်ချသောစိတ်နှင့်ကျင့်နေခြင်းမှတစ်ပါး အဘယ်ပူဇော်သက္ကာကို
ထာဝရဘုရားတောင်း တော်မူသနည်း။" (မိက္ခာအနာဂတ္တိကျမ်း ၆း၈)

ယခုချိန်သည်လူများစွာတို့အတွက်ခက်ခဲလှသောအချိန်ဖြစ်သကဲ့သို့ ကမ္ဘာ့နေရာဒေသ အသီးသီးတို့၌ အကြောင်းကိစ္စမျိုးစုံဖြစ်ပျက်နေလျှက်ရှိသည်။ အမေရိကန်သမ္မတသစ် လက်မှတ်ထိုးထုတ်ပြန်လိုက်သည့် အကူအညီပေးခြင်းဆိုင်ရာလုပ်ငန်းများရပ်တန့်သွားခြင်းကြောင့်လည်း လူသားချင်းကူညီမှုဆိုင်ရာအသင်းအဖွဲ့များအပေါ်အကျိုးသက်ရောက်ပြီး ထိုမှတဆင့် လူသန်းပေါင်းများစွာအတွက် အကျပ်အတည်းများ ပြင်းထန်စွာဖြစ်ပေါ်နေလျက်ရှိသည်။

ယခုလိုအချိန်တွင်(စံနှုန်းများ)အကြောင်းပြောဆိုစဉ်းစားရန်အချိန်ဖြစ်သည်ဟု စာရေးသူထင်မြင်ပါသည်။အထူးသဖြင့် သမ္မာကျမ်းစာကတန်ဖိုးထားသောစံနှုန်းများအကြောင်းကိုပြောလိုပါသည်။

ပုရောဖက်မိက္ခာ အချိန်၌ အာဏာရှိသူတို့သည် ဥပဒေပြုရေး၊တရားစီရင်ရေးတို့၌ ခက်ခဲအောင်ပြုလုပ်၍ မိမိတို့မျက်နှာသာရရန်သာလုပ်ဆောင်ခဲ့ကြသည်။(မိက္ခာ ၃း၁၁၊ ၇း၃) ချမ်းသာသူက ဆင်းရဲသားကိုခေါင်း ပုံဖြတ်၊ မသမာသောစီးပွားရေးသမားများက

ပြည်သူများအပေါ်အမြတ်ထုတ်(မိက္ခာ ၂း၁-၂,၆း၁၀-၁၂)။ ထိုအခြေအနေသည် ယနေ့ခေတ်ကျွန်ုပ်တို့ကြုံတွေ့နေရသည့်အတိုင်းဖြစ်နေ၍ ကြမ်းဖက်ခြင်း၊ခေါင်းပုံဖြတ်ခြင်း၊စိတ်ဝမ်းကွဲခြင်း၊အနိုင်ကျင့်ခြင်းအစရှိသည့်အနေအထားများဖြစ်သည်။(မိက္ခာ ၃း၁-၃,၇း၁-၆)

ပုရောဖက်မိက္ခာအနေဖြင့် ဒုက္ခခံရသူများဖက်မှနေပြီး အာဏာပါဝါရှိသူများကို ပုရောဖက်စကားပြု၍ ပြောနေသည်မှာ ထိုသူတို့နောင်တရပြီး ကောင်းသည့်အမူအကျင့်များကို အသစ်ပြုပြင်လုပ်ဆောင်ရန်ဖြစ်သည်။ "တရားသဖြင့်ပြုခြင်း၊ဂရုဏာကိုနှစ်သက်ခြင်း၊ဘုရားသခင်ရှေ့၌နှိမ့်ချခြင်းမှတစ်ပါး အခြားအဘယ်မည်သောအရာကို ဘုရားတောင်းနေပါသနည်း"ဟူသောအဖြေသိနေပြီးသားမေးခွန်းဖြင့် မတရား သောသူများကို မေးခွန်းထုတ်ဆုံးမခဲ့သည်။ (မိက္ခာ ၆း၈)

ရှုတ်ထွေး၍ပျက်ယွင်းနေသော၊ခြစား၍လူသားတို့ဖြေရှင်းရန်မစွမ်းသာတော့သော ကမ္ဘာကြီးပေါ်၌ ဤမေးခွန်းအတွက်အဖြေမှာမရှိသလောက်ပင်။ သို့သော် တစ်ဦးတစ်ယောက်ချင်းစီသည် ဘုရား၏ကူညီ ခြင်းအားဖြင့် မိမိတတ်နိုင်သည့်အရာကိုလုပ်ဆောင်ပါမှ ဤအဖြေကိုရှာနိုင်မည်ဖြစ်သည်။

၁. ခက်ခဲမှုနှင့်လုံးပန်းနေရသည့်အခါတွင် တစ်ဦးနှင့်တစ်ဦးအပြစ်တင်ခြင်း၊သူ့ကြောင့် ကိုယ့်ကြောင့် စွပ်စွဲခြင်း၊ရန်းရင်းဆန်ခတ်ပြုမည့်အစား တစ်ဦးနှင့်တစ်ဦး၏အသံကိုနားထောင်၍ ကိုယ်ချင်းစာ တရားထားရှိကာ မတရားခံရသောသူတို့အတွက် ရပ်တည်ပေးဖို့ရန်လိုပါသည်။ တရားမျှတစွာ လုပ်ဆောင်ဖို့ရန်လိုသည်။

၂. မတရားခံရသူတို့အပေါ် ကြင်နာခြင်း၊ပေးကမ်းခြင်း၊ဂရုဏာထားခြင်းများကိုပြုရမည်။ လူတိုင်း တစ်ကြိမ်တစ်ခါတွင် ကူညီဖေးမသောလက်တစ်စုံကြောင့်သက်သာရာရကြမည်သာဖြစ်သည်။ ကျွန်ုပ် တို့နှင့်ထိုက်တန်သည်ထက် ဘုရားကပို၍ကောင်းချီးပေးနေသည်မှာလည်းအသေအချာပင်ဖြစ်သည်။ ထို့ကြောင့် ချစ်သနားခြင်းကို ကျွန်ုပ်တို့သင်ယူရန်လိုသည်။

၃. အရေးအကြီးဆုံးမှာ မကောင်းသောစိတ်နေသဘောထား၊အမူအကျင့်များထဲမှ နောင်တရ၍ ခရစ်တော်၏စွန့်လွှတ်ခြင်းစိတ်နေသဘောထားနှင့်ချစ်ခြင်းကို ဘေးပတ်ဝန်းကျင်ရှိလူများကိုပြသနိုင်ဖို့ရန် သန့်ရှင်းသောဝိညာဉ်တော်၏အကူအညီအတွက်ဆုတောင်းနေရမည်ဖြစ်သည်။ဘုရားနှင့်အတူ နှိမ့်ချစွာ အသက်ရှင်ခြင်းမှာ ဤအရာဖြစ်သည်။

ပုရောဖက်မိက္ခာဆုံးမသည်မှာ ရာထူးရှိသူ၊အခွင့်ထူးရှိသူများအနေဖြင့် ဘုရား၏အလိုတော်အတိုင်း တရားမျှတစွာ၊ ဂရုဏာရှိစွာပြုကျင့်ရန် ဆုံးမသတိပေးသည့်အရာဖြစ်သည်ဟုကျွန်ုပ်တို့နားလည်ထား ပါသည်။ သို့သော်ဤသွန်သင်မှုသည် ကျွန်ုပ်တို့အားလုံးအတွက်လည်း အကျုံးဝင်သည်။ ဖိနှိပ်ခံရသူ၊ မတရားပြုကျင့်ခံရသူနှင့် အပယ်ခံတို့ကိုယ်တိုင်ပင်လျှင် ဤသွန်သင်မှုကိုခံယူထားသင့်သည်။ မတရားမှု ကိုခံရသည်ဖြစ်စေ၊ မိမိကြောင့်မတရားမှုဖြစ်လာသည်ဖြစ်စေ..လူတိုင်းအနေဖြင့် ပုရောဖက်မိက္ခာသွန် သင်ထားသည့် ကောင်းမြတ်ခြင်းစံနှုန်းများကိုခံယူ၍ မှန်ကန်သည့်အရာ၊ကောင်းမြတ်သည့်အရာ၊ဟုတ် မှန်သည့်အရာများကိုသာပြုလုပ်ကြဖို့ရန်ဖြစ်သည်။

မိမိကိုယ်ကိုဖြောင့်မတ်စေသူ၊ ဘာသာရေးလိုက်စား၍သူတစ်ပါးအပေါ် စီရင်ဆုံးဖြတ်သူ၊ ဘုရားနာမကို အလွဲသုံးစားလုပ်ပြီး လူအများကိုဒုက္ခရောက်စေသူ.. ဤသို့သောလူစားမျိုးကို ကျွန်ုပ်တို့မလိုအပ်ပေ။ ကွန်ဆာဗေးတစ်ဖြစ်ပါစေ.. လစ်ဘရယ်ဖြစ်ပါစေ..ဤသို့သောသူကို ကမ္ဘာကြီးကလည်းမလိုအပ်ပေ။ ကောင်းမြတ်သောသူဆိုသည်မှာ ဘုရားဖော်ပြသည့် ကောင်းမြတ်သောနည်းလမ်းများအတိုင်း ပြုမူကျင့် ကြံသောသူသာဖြစ်သည်။ ထိုသို့ ကောင်းမြတ်သောသူဖြစ်နိုင်ရန် ဘုရားရှင်သင့်အား ကျေးဇူးတော် နှင့်မစလျှက် ပတ်ရစ်ထားပါစေ။

ယေရှုခရစ်တော်၏ချစ်ခြင်းမေတ္တာဖြင့်

ဦးထင်ကျော် @ Dr. Tim

သိက္ခာတော်ရဒေါက်တာ Timothy C. Geoffrion သည်ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးဖြစ်၍ ဓမ္မသစ်ကျမ်းဆိုင်ရာ ညွှဲ့ပါမောက္ခအဖြစ် ရန်ကုန်မြို့တွင် ၂၀၀၇ ခုနှစ်ကတည်းက အစေခံသင်ကြား ပေးနေသူဖြစ်သည်။

ဓာတ်ပုံ - စုတ်ပြဲနေသည့် UNHCR ပိုစတာ၊ ထမ်းဟင်ဒုက္ခသည်စခန်းတစ်နေရာ။ ဆိုင်းငံ့ခံလိုက်ရသော အမေရိကန်ကူညီထောက်ပံ့ရေးလုပ်ငန်းစဉ်များ၏အောက်တွင် ဒုက္ခသည်စခန်းများရှိ ဆေးရုံ၊ဆေးခန်း များပါဝင်နေသောကြောင့် ကုသခြင်း၊ဂရုပြုခြင်းဆိုင်ရာလုပ်ငန်းများလည်းရပ်တန့်နေလျှက်ရှိသည်။